FORB Learning Platform

# ဇာတ်ညွှန်း : လွတ်လပ်စွာ ကိုးကွယ်ခြင်း (သို့) သက်ဝင်ယုံကြည်မှု အကြောင်းအရာများ - အတင်းအဓမ္မပြုခြင်းမှ ကာကွယ်ခြင်း

လွတ်လပ်စွာကိုးကွယ်ခွင့် (သို့) သက်ဝင်ယုံကြည်ခွင့်ရဲ့ အရေးကြီးတဲ့ အချက်တစ်ချက်က တော့ အတင်းအဓမ္မပြုခြင်းမှ ကာကွယ်ခြင်းပဲ ဖြစ်ပါတယ်။ အတင်းအဓမ္မပြုတယ် ဆိုတာက တခုခုလုပ်ဖို့ တစ်ဦးတယောက်က သင့်ကို အတင်းလုပ်ခိုင်းတာ၊ ဒါမှမဟုတ် ခြိမ်းခြောက်တာကို ဆိုလိုခြင်းဖြစ်ပါတယ်။

လွတ်လပ်စွာကိုးကွယ်ခွင့် (သို့) သက်ဝင်ယုံကြည်ခွင့်ရဲ့ အနှစ်သာရစစ်တစ်ခုကတော့ လူတိုင်းဟာ မိမိကိုးကွယ်နေတဲ့ဘာသာ (သို့) သက်ဝင်ယုံကြည်မှုကို ကိုးကွယ်ခွင့်ရှိခြင်းနှင့် ဘာသာကူးပြောင်းခွင့် ရှိခြင်း တို့ဖြစ်ပါတယ်။ ဒါကိုနောက်တစ်နည်းနဲ့ ပြောရရင် ကိုးကွယ်နေတဲ့ ဘာသာ (သို့) သက်ဝင်ယုံကြည်မှုနှင့် ရှိသေကိုင်းရှိုင်းမှုဟာ ကိုယ်ပိုင်သဘောဆန္ဒအတိုင်း ဖြစ်ရပါမယ်။

အတင်းအဓမ္မပြုခြင်းမှ ကာကွယ်မှုရရှိပိုင်ခွင့်ဟာ ဒီအချက်ပေါ် များစွာမူတည်နေပါတယ်။ နိုင်ငံတော် အစိုးရ၊ ဘာသာရေးခေါင်းဆောင်တွေ၊ (သို့) ဘယ်ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၊ အသင်းအဖွဲ့ ဘယ်သူဘဲ ဖြစ်နေပါစေ၊ လူတစ်ယောက်ရဲ့ သက်ဝင်ယုံကြည်မှုနှင့် ဆောက်တည်ကျင့်သုံးမှုအပေါ် ဖိအားပေးပိုင်ခွင့် မရှိပါဘူး။ သူတစ်ပါးရဲ့ ဘာသာ (သို့) သက်ဝင်ယုံကြည်မှုကို သတ်မှတ်ပေးဖို့၊ ထိန်းသိမ်းဖို့နှင့် ကူးပြောင်းဖို့ စေခိုင်းလို့ မရပါ။

<u>အပြည်ပြည်ဆိုင်ရာ နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးဆိုင်ရာ ပဋိညာဉ်စာချုပ် အပိုဒ် (၁၈) အပိုင်း ၂ က</u> -
"မည်သူ့ကိုမျှ ၎င်းနှစ်သက်ရာဘာသာ (သို့) သက်ဝင်ယုံကြည်မှုအား လွတ်လပ်စွာ ကိုးကွယ်ခံယူခွင့်ကို ထိခိုက်စေသည့် အတင်းအဓမ္မပြုခြင်း မရှိစေရ။"

ဒီအပိုဒ်အရ နိုင်ငံတော်အနေနဲ့ လူတွေ အနိုင်ထက်ပြုကျင့်ခြင်းခံနေရတာကို ဟန့်တားပေးရုံ သာမက အစုအဖွဲ့နှင့် လူမှုအသိုင်းအဝန်းအတွင်းက ပြည်သူတွေ ခံစားနေရတဲ့ ခြိမ်းခြောက်မှုနှင့် အကြမ်းဖက်မှုတွေမှ ကာကွယ်ပေးဖို့ တာဝန်တစ်ရပ်ရှိတယ်ဆိုတာလည်း ဖော်ပြပေးနေပါတယ်။

ဒါပေမယ့်လည်း ကမ္ဘာတစ်ဝှမ်းမှာ လူတွေ အတင်းအဓမ္မပြုခြင်းခံရပုံကို ခြိမ်းခြောက်ခြင်း၊ အကြမ်းဖက်ခြင်းနှင့် အပြစ်ဒဏ်ချမှတ်ခြင်း (သို့) ထောင်ချခြင်း စတဲ့ အပြစ်ပေးပုံမျိုးစုံနဲ့ မြင်တွေ့နေရပါတယ်။ အတင်းအဓမ္မပြုခြင်းကို တခြားနည်းလမ်းတွေနဲ့လည်း တွေ့နိုင်ပါသေး တယ်။ ဥပမာ - ဘာသာကူးပြောင်းရင် အလုပ်ခန့်အပ်ပေးတယ်။ ဒါမှမဟုတ် သူတို့ကိုးကွယ်တဲ့

ဘာသာနှင့် သက်ဝင်ယုံကြည်မှုကို စွန့်လွှတ်ခိုင်းမယ် (သို့) ကိုးကွယ်ခံယူဖို့ ငြင်းပယ်ခဲ့မယ်ဆိုရင်၊ ကျန်းမာရေးနှင့် ပညာရေးသင်ကြားခွင့် ပေးထားတာတွေကို ဖြတ်တောက် ပစ်တာမျိုး ဖြစ်ပါတယ်။

တစ်ခါတစ်ရံမှာ အဲဒီအနိုင်ထက်ပြုကျင့်မှုမှာ နိုင်ငံတော်ကိုယ်တိုင်က တရားဥပဒေပြဌာန်းပြီး တရားဝင်ပါဝင်ခဲ့သလို လူမှုအသိုင်းအဝန်းမှ ဆောင်ရွက်တဲ့ လုပ်ငန်းတွေကတဆင့်လည်း ပါဝင်လေ့ရှိပါတယ်။

ဘဟာ(Baha’i) ဟာ အီရန်နိုင်ငံက မွတ်ဆလင်ဘာသာမဟုတ်တဲ့ ကိုးကွယ်သူအများဆုံးရှိတဲ့ ဘာသာငယ်တစ်ခုဖြစ်ပါတယ်။ ၁၉၇၉ ခုနှစ်၊ ပြုပြင်ပြောင်းလဲရေးကာလကစပြီး အစ္စလာမ်ဘာသာကို ကူးပြောင်းကြဖို့ ဖိအားပေးကြိုးစားတဲ့ အစိုးရရဲ့ မူဝါဒအတိုင်း စနစ်တကျ နှိပ်ကွက်တာခံခဲ့ရပါတယ်။ ပြုပြင်ပြောင်းလဲရေးဖော်ဆောင်တဲ့ (၁၀) နှစ်တာ ကာလအတွင်းမှာ ဘဟာကိုးကွယ်သူ (၂၀၀) ခန့် သတ်ဖြတ်ခံခဲ့ရပြီး ညှဉ်းပန်းနှိပ်စက်တာနှင့် ထောင်ချတာကို ရာနဲ့ချီ ခံခဲ့ရပါတယ်။ သောင်းချီတဲ့ ပြည်သူတွေဟာ အလုပ်လက်မဲ့ဖြစ်ခဲ့ရပြီး သူတို့ဘာသာရေးအပေါ် သက်ဝင်ယုံကြည်မှုကြောင့် ပညာရေးနှင့် အခြားရပိုင်ခွင့်တွေ ဆုံးရှုံးခဲ့ရပါတယ်။

အီရန်နိုင်ငံမှာ ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလက နိုင်ငံအဆင့် ဘဟာဘာသာရေးခေါင်းဆောင် (၆) ဦး အပါအဝင် ဘဟာဘာသာဝင် (၉၇) ဦးကို အပြစ်မဲ့ ထောင်ဒဏ် ချမှတ်တာ ခံခဲ့ရပါတယ်။

ဒီဖြစ်ရပ်ဟာ ခွဲခြားဆက်ဆံခြင်းနှင့် အနိုင်ထက်ပြုကျင့်ခြင်းတို့ကြား ဆက်နွယ်မှုကို ပြသပေးနေပါတယ်။ အီရန်နိုင်ငံက ဘာဟာဘာသာဝင်တွေဟာ တက္ကသိုလ်ပညာသင်ကြားခွင့်နဲ့ လူမှုဝန်ထမ်းအလုပ် လုပ်ခွင့်မရှိပါဘူး။ ဒီလိုခွဲခြားထားတဲ့ဥပဒေဟာ အတင်းအဓမ္မပြုခြင်း ဖြစ်ပါတယ်။ ကျောင်းသား (သို့) ဝန်ထမ်းတစ်ယောက်ဟာ ဘဟာဘာသာဝင်လို့ သိလိုက်တာနဲ့ သူ့ကို အစ္စလာမ်ဘာသာ ဝင်မလား ဒါမှမဟုတ် အလုပ်ဖြုတ်ခံမလား ဆိုတဲ့ ရွေးချယ်စရာ နှစ်ခုသာ ပေးထားပါတယ်။

တခါတရံမှာ  အကြမ်းဖက်သော အမျိုးသားရေးသမားတွေ၊ အစွန်းရောက်အဖွဲ့တွေဟာ လူတွေကို သူတို့ကိုးကွယ်တဲ့ ဘာသာ (သို့) သက်ဝင်ယုံကြည်မှုကို ကူးပြောင်းဖို့ အတင်းအကျပ် ခိုင်းစေခဲ့ပါတယ်။ အစ္စလာမ်ပြည်နယ်လို့ အမည်တွင်တဲ့ ဒါအက်ရှ်(Daesh) မှာ ရာဇဒီဘာသာဝင်နှင့် ခရစ်ယာန် ဘာသာဝင်တွေကို ဘာသာကူးပြောင်းဖို့ အတင်းတိုက်တွန်းပြီး ကူးပြောင်းဖို့ ငြင်းဆိုတဲ့ သူ့ကို သတ်ဖြတ်တာတွေ ပြုလုပ်ခဲ့ကြပါတယ်။ အိန္ဒိယနိုင်ငံမှာလည်း ဟိန္ဒူဘာသာသို့ အဓမ္မကူးပြောင်းစေမှုများကို ဟိန္ဒူအမျိုးသားရေး လှုပ်ရှားသူတွေရဲ့ ရပ်ရွာအသိုက်အဝန်းအတွင်း အကြမ်းဖက်မှုနှင့် ချိတ်ဆက်ပြီး မှတ်တမ်းပြုနိုင်ခဲ့ပါတယ်။ မြန်မာနိုင်ငံမှာဆိုရင် စစ်တပ်က ခရစ်ယာန်ဘာသာဝင်တွေကို သေနတ်နဲ့ခြိမ်းခြောက်ပြီး ဗုဒ္ဓဘာသာ ကူးပြောင်းအောင် ဖိအားပေးတဲ့ ဖြစ်စဉ်တွေ မှတ်တမ်းတင်နိုင်ခဲ့ပါတယ်။ အာဖရိကနိုင်ငံ အလယ်ပိုင်းဒေသတွေမှာလည်း

မွတ်ဆလင်ဘာသာဝင်တွေ ခရစ်ယာန်ဘာသာကို မကူးပြောင်းရင် ပစ်သတ်ခံရမယ်လို့ ခြိမ်းခြောက်မှု တွေ ရှိခဲ့ပါတယ်။

လူတွေရဲ့ ကိုးကွယ်တဲ့ဘာသာ (သို့) သက် ဝင်ယုံကြည်မှုနှင့် ပတ်သက်ပြီး ကိုးကွယ်ခွင့်၊ ခံယူခွင့် (သို့) ဘာသာကူးပြောင်းခွင့်တွေအပေါ် နိုင်ထက်စီးနင်းမှုလုပ်ဆောင်တာကို တရားဝင် တားမြစ်ထားတယ်ဆိုပေမယ့် လူတော်တော်များများဟာ ဘာသာရေးကျင်ထုံးနှင့် ပတ်သက်ပြီး နိုင်ငံတော်နှင့် လူ့အဖွဲ့အစည်းတို့ရဲ့ နိုင်ထက်စီးနင်းပြုမှုကို ကြုံတွေ့နေရဆဲ ဖြစ်ပါတယ်။ ဒီလိုအနိုင်အထက်ပြုမှုကို သက်သေပြလို့ရတဲ့ အဖြစ်အပျက်တစ်ခုကို ပြပါဆိုရင်တော့ အမျိုးသမီးတွေရဲ့ ဂတ်စားဆင်ယင်မှုအကြောင်း ပြောရပါလိမ့်မယ်။ အမျိုးသမီးတွေကို ဘာသာရေး ဂတ်စုံမဂတ်ဖို့ တားမြစ်ထားပေမယ့် တချို့နိုင်ငံတွေမှာက ဘာသာရေး ဝတ်စုံဂတ်ဆင်ဖို့ ဥပဒေပြဋ္ဌာန်း သတ်မှတ် တာလည်း ရှိပါတယ်။ အမျိုးသမီးတွေအနေနဲ့ ဘာသာရေးဝတ်စုံကို သူတို့ဘာသာရေး ပြင်ပ အသိုင်းအဝန်းမှာ ဂတ်ဆင်ခဲ့ရင် ထိပါးနှောက်ယှက်မှုတွေကြုံတွေ့နိုင်သလို မိမိတို့ အသိုက်အဂန်း အတွင်းမှာ မဝတ်ဆင်ခဲ့ရင် မိမိတို့ ဘာသာဂင်တွေရဲ့ ထိပါးနှောက်ယှက်မှုကို ခံရနိုင်ပါတယ်။

နိုင်ထက်စီးနင်းမှုကို လူတိုင်းနီးပါး ခံရနိုင်ပါတယ်။ နိုင်ငံတော်တော်များများမှာလည်း နိုင်ငံတော်ရဲ့ ဂါဒ ဒါမှမဟုတ် လူမှုရေးဓလေ့ထုံးတမ်းနဲ့ မတူညီတဲ့ ဘာသာရေးအယူအဆနဲ့ ကျင့်ကြံအားထုတ်မှု ပြုလုပ်နေသူတွေဟာ အတင်းအဓမ္မပြုခြင်းကို ခံစားကြရပါတယ်။ လူနည်းစုတွေ၊ ဘာသာမဲ့တွေ၊ ဘာသာကူးပြောင်းသူတွေ ဒါမှမဟုတ် ဒေသခံတွေအမြင်မှာ မူရင်းကိုးကွယ်တဲ့ ဘာသာကနေ နိုင်ငံရပ်ခြား ဘာသာလို့သတ်မှတ်တဲ့ ဘာသာကို ကူးပြောင်းကိုးကွယ်သွားသူများ အများဆုံး ခံစားကြရပါတယ်။ ဘာသာရေး အစုအဖွဲ့တွေထဲမှာ ဖြစ်ဖြစ်၊ လူတွေက မိစ္ဆာအယူဝါဒ ကိုးကွယ်သူ၊ ဘုရားတရားကို ပြစ်မှားသူလို့ ယူဆပြီး (သို့) သူတို့ကိုးကွယ်ယုံကြည်တဲ့ ဘာသာကို သက်ဂင်ယုံကြည်ဖို့ ပျက်ကွက်ခဲ့တယ်လို့ မြင်လာရင် နိုင်ငံတော်၊ သူတို့ရဲ့မိသားစု (သို့) အသိုင်းအဂန်းရဲ့ အနိုင်ထက်ပြုကျင့်မှုကို ခံရပြီး သူတို့ကိုးကွယ်တဲ့ ဘာသာနှင့် သက်ဂင်ယုံကြည်မှုကို အတင်းအဓမ္မပြောင်းစေတာနဲ့ ကြုံရပါတော့တယ်။

အကျဉ်းချုပ်ပြောရရင် အနိုင်ထက်ပြုကျင့်ခံရမှုမှာ ခြိမ်းခြောက်မှုတွေ၊ အကြမ်းဖက်မှုတွေ၊ ခွဲခြား ဆက်ဆံမှုတွေ (သို့) ငွေဒဏ်၊ ထောင်ဒဏ်စတဲ့ အပြစ်ပေးတာတွေပါဝင်ပြီး၊ ဒါကိုကျူးလွန် တဲ့သူဟာ နိုင်ငံတော်အစိုးရ (သို့) မိမိလူမှုဂန်းကျင်ကလူတွေလည်း ဖြစ်နိုင်ပါတယ်။ မည်သူ့ကိုမျှ အတင်းအဓမ္မပြုခြင်းမရှိစေရ လို့ ဆိုထားတဲ့အတိုင်း အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ဥပဒေဟာ နိုင်ငံတော်မှ သူ့လူတွေအပေါ် အနိုင်ထက်ပြုကျင့်မှုကို တားမြစ်ရုံမက လူမှုဂန်းကျင် အတွင်းက နိုင်ထက်ပြုကျင့်မှုတွေကနေ အကာအကွယ်ပေးဖို့နှင့် ဟန့်တားပေးဖို့ နိုင်ငံတော်ကို တာဂန်တစ်ရပ် ပေးအပ်ထားပါတယ်။

အတင်းအဓမ္မပြုခြင်းမှကာကွယ်ခြင်း အကြောင်းအရာအပြင် ၄င်းနှင့်ဆက်စပ်တဲ့ လူ့အခွင့်အရေး ဆိုင်ရာ အကြောင်းအရာတွေကို ဝက်ဘ်ဆိုက်မှာ တင်ထားတဲ့ သင်ထောက်ကူ အကြောင်းအရာ တွေမှာ ပိုမိုရှာဖွေလေ့လာနိုင်ပါတယ်။

မူပိုင် - SMC 2018